# ဓမ္မခန္ဓာ (၇၈) သတင်းကြီး (အလ်–နဗာအိ)

ဥာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၈၀)၊ သုတ်ဒေသနာ အပါး (၄၀)၊

ဦးဋ္ဌေးလွင်ဦး ပြန်ဆိုသည်။

## بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

| | |
|---|---|
| ၁။ | عَمَّ يَتَسَاءلُونَ ۝<br>သူတို့သည် မည်သည်ကို မေးမြန်းနေကြနည်း။ |
| ၂။ | عَنِ النَّبَإِ الْعَظِيمِ ۝<br>အရေးကြီးသော သတင်းကြီးနှင့် ပတ်သက်၍– |
| ၃။ | الَّذِي هُمْ فِيهِ مُخْتَلِفُونَ ۝<br>မည်သည့်၌ သူတို့ ကွဲပြားနေကြသနည်း။ |
| ၄။ | كَلَّا سَيَعْلَمُونَ ۝<br>အမှန်မှာ– သူတို့ သိလာကြလတ္တံ့။ |
| ၅။ | ثُمَّ كَلَّا سَيَعْلَمُونَ ۝<br>တဖန်၊ အမှန်ပင် သူတို့ သိလာကြရလတ္တံ့။ |
| ၆။ | أَلَمْ نَجْعَلِ الْأَرْضَ مِهَادًا ۝<br>ငါသည် မြေကမ္ဘာအား တိုးရွေ့ကျယ်ပြောရန် စီရင်ပေးသည် မဟုတ်လော။ |
| ၇။<br>☆၁၅း၁၉ | وَالْجِبَالَ أَوْتَادًا ۝<br>တောင်တန်းများသည် သပ်မှိုများ ဖြစ်စေ၏။☆ |
| ၈။<br>☆၂း၃၅ | وَخَلَقْنَاكُمْ أَزْوَاجًا ۝<br>သင်တို့အား စုပေါင်းဖွဲ့☆ ဖြစ်တည်ပေးထား၏။ |
| ၉။ | وَجَعَلْنَا نَوْمَكُمْ سُبَاتًا ۝<br>သင်တို့ နားနေဘို့ရာ အိပ်စက်ခြင်းကို စီရင်ပေးထား၏။ |
| ၁၀။ | وَجَعَلْنَا اللَّيْلَ لِبَاسًا ۝<br>ငါသည် ညအား အဝတ်တန်ဆာ အဖြစ် စီရင်ပေးထား၏။ |
| ၁၁။ | وَجَعَلْنَا النَّهَارَ مَعَاشًا ۝<br>ငါသည် နေ့အား သင်တို့အတွက် ကျက်စားနိုင်ရန် စီရင်ပေးထား၏။ |

| | |
|---|---|
| ၁၂။<br>☆၂၃း၁၇ | وَبَنَيْنَا فَوْقَكُمْ سَبْعًا شِدَادًا ۞<br>ငါသည် သင်တို့၏ အပေါ်၌ ပြတ်သားခိုင်ခန့်သော ခုနစ်ဆက်ကို တည်ဆောက်ပေးထား၍–☆ |
| ၁၃။ | وَجَعَلْنَا سِرَاجًا وَهَّاجًا ۞<br>ထွန်းလင်းတောက်ပသော အလင်းအိမ်ကြီးကို စီရင်ပေးထား၏။ |
| ၁၄။ | وَأَنزَلْنَا مِنَ الْمُعْصِرَاتِ مَاء ثَجَّاجًا ۞<br>ငါသည် မိုးတိမ်ထုမှ ရေများကို ပေါပေါသီသီ သွန်းချစေသည်မှာ– |
| ၁၅။ | لِنُخْرِجَ بِهِ حَبًّا وَنَبَاتًا ۞<br>၎င်းအားဖြင့် ကောက်ပင် သစ်ပင်များကို ပေါက်ရောက်ထွက်လာစေရန်– |
| ၁၆။ | وَجَنَّاتٍ أَلْفَافًا ۞<br>အပန်းဖြေ ဥယျာဉ်များ ဖြစ်စေရန်ပင်။ |
| ၁၇။ | إِنَّ يَوْمَ الْفَصْلِ كَانَ مِيقَاتًا ۞<br>ကေန်ပင် အဆုံးအဖြတ် နေ့ကာလသည် ရက်ချိန်းကာလ ဖြစ်၏။ |
| ၁၈။<br>☆ ၆း၇၃ | يَوْمَ يُنفَخُ فِي الصُّورِ فَتَأْتُونَ أَفْوَاجًا ۞<br>ပုံသဏ္ဍာန်များကို အသက်ဝင်စေသော☆ နေ့ကာလ၌ သင်တို့အား အစုအပြုံလိုက် ပေးရောက်လာစေလတ္တံ့။ |
| ၁၉။<br>၇၃း၁၈ | وَفُتِحَتِ السَّمَاء فَكَانَتْ أَبْوَابًا ۞<br>ကောင်းကင်ယံအား တံခါးပေါက် ဖွင့်သကဲ့သို့ ဖွင့်ပစ်စေအံ့။ |
| ၂၀။<br>☆၁၃း၃၁ | وَسُيِّرَتِ الْجِبَالُ فَكَانَتْ سَرَابًا ۞<br>တောင်တန်းများအား ပြတ်ရွေ့စေလျက် တံလျှပ်ပမာ ဖြစ်ရလတ္တံ့။☆ |
| ၂၁။ | إِنَّ جَهَنَّمَ كَانَتْ مِرْصَادًا ۞<br>ကေန်ပင် ငရဲဘုံသည် မျက်ကွယ်မှစောင့်နေသည်မှာ– |
| ၂၂။ | لِلْطَّاغِينَ مَآبًا ۞<br>စည်းဖျက်သူတို့ အတွက် နားခိုစေရန် ဖြစ်၏၊ |
| ၂၃။ | لَابِثِينَ فِيهَا أَحْقَابًا ۞<br>သူတို့သည် ထို၌ ကြာမြင့်စွာ[၁၁၂၀] အခြေချနေရလတ္တံ့။ |
| ၂၄။ | لَّا يَذُوقُونَ فِيهَا بَرْدًا وَلَا شَرَابًا ۞<br>သူတို့ မြည်းစမ်းရမည်မှာ–အေးမြခြင်းနှင့် သောက်ရေမဟုတ်၊ |
| ၂၅။ | إِلَّا حَمِيمًا وَغَسَّاقًا ۞ |

(၁၁၂၀) **အာဟ်ကာ့ဘ်** ဆိုသည်မှာ နှစ်ပေါင်း ၈၀၊ ၉၀– ရာစု သို့မဟုတ် နှစ်ပေါင်းများစွာ ရှည်လျားခြင်းကို ခေါ်ပေသည်။ ထာဝရဟု နားလည်ယူ၍ မရချေ။ ခေတ်တစ်ခေတ်။ စီမံချက် သက်တမ်းတစ်ခုသာ ဖြစ်သည်။

| | |
|---|---|
| | ရေပွက်ဆူနှင့် အအေးထုကြီး ဖြစ်၏။ |
| ၂၆။ | جَزَاء وِفَاقًا۞<br>လိုက်လျောညီထွေ အကျိုးဆုပင် ဖြစ်၏။ |
| ၂၇။ | إِنَّهُمْ كَانُوا لَا يَرْجُونَ حِسَابًا۞<br>ကေနပ်ပင် သူတို့သည် စာရင်းရှင်းရမည်ကို မျှော်လင့်ထားခြင်း မရှိခဲ့ချေ။ |
| ၂၈။ | وَكَذَّبُوا بِآيَاتِنَا كِذَّابًا۞<br>ငါ၏ သုတ်ဒေသနာတို့အား အငြင်းဆန်ကြီး ငြင်းဆန်ခဲ့ကြ၏။ |
| ၂၉။ | وَكُلَّ شَيْءٍ أَحْصَيْنَاهُ كِتَابًا۞<br>ငါသည် သဗ္ဗလုံးစုံအား မှတ်တမ်း၌ မှတ်သားထားတော်မူ၏။ |
| ၃၀။ | فَذُوقُوا فَلَن نَّزِيدَكُمْ إِلَّا عَذَابًا۞<br>မြည်းစမ်းကြလော့၊ သင်တို့အား တိုးပွားစေသည်မှာ ဝဋ်ကြွေးသည်သာ ဖြစ်၏။ |
| ၃၁။ | إِنَّ لِلْمُتَّقِينَ مَفَازًا۞<br>ကေနပ်ပင် စည်းစောင့်သူတို့အတွက် ဆွတ်ခူးစေမည်မှာ– |
| ၃၂။ | حَدَائِقَ وَأَعْنَابًا۞<br>စိုက်ခင်းများ– စပျက်ခြံများ– |
| ၃၃။<br>☆၄၄း၅၄ | وَكَوَاعِبَ أَتْرَابًا۞<br>အရွယ်မလွဲသော[၁၁၂] သက်တူရွယ်တူများ–☆ |
| ၃၄။ | وَكَأْسًا دِهَاقًا۞<br>သန့်သော ရေခွက်များ–ဖြစ်ကြ၏။ |
| ၃၅။ | لَّا يَسْمَعُونَ فِيهَا لَغْوًا وَلَا كِذَّابًا۞<br>သူတို့သည် ထိုင်၌ အလေအလွင့်စကား၊ မုသားစကားများကို ကြားရမည် မဟုတ်ချေ။ |
| ၃၆။ | جَزَاء مِّن رَّبِّكَ عَطَاء حِسَابًا۞<br>ကံကြမ္မာရှင်၏ ထံမှ ဆုကြေးဖြစ်၍၊ ကောင်းမွန်သော လက်ဆောင်ပင် ဖြစ်၏။ |

(၁၁၂) **ကဝါအိဘ်** ဆိုသော ဝေါဟာရသည် မိန်းကလေးများ၏ ပျိုမြစ်နုနယ်သော အရွယ်ကို သုံးသည့် **ကာဘ်အိဘ်** ဆိုသည့် စကားလုံး၏ အများပြကိန်း ဖြစ်သောကြောင့် ဤဝါကျကို ဆရာတော် တစ်ချို့က **အရွယ်နုပျိုသော မိန်းကလေး အဖော်များ၊** ဟု လည်းကောင်း တစ်ချို့က **ပေါင်းသင်းဘို့ရာ နတ်ကညာများ၊** ဟု လည်းကောင်း ပြန်ဆိုကြပေသည်။ ထိုပြန်ဆိုမှုများမှာ လုံးဝ မှားယွင်းပေသည်။ "ထိုနုပျိုသော" ဆိုသည့် စကားလုံး၏ နောက်တွင် အမျိုးသမီးများဟု တွဲဆက်ထားခြင်း မရှိချေ၊ နောက်မှ တွဲဆက်ထားသော စကားလုံး **အာ့တ်ရာ့ဘ်** မှာ သက်တူရွယ်တူ၊ သို့မဟုတ် အရွယ်မပြောင်းခြင်းကိုသာ ဆိုလိုပေသည်။ ထို့ကြောင့် အာရဗီစကားလုံးတွင် ဖြစ်စေ၊ မြန်မာစကားလုံးတွင် ဖြစ်စေ ဤလိင်ထိလိင်ကို သုံးတိုင်း အမဖြစ်ရမည်ဟု သတ်မှတ်၍ မရချေ။ အမိမြေ၊ မိခင်ရေဝတီ စသည့် စကားလုံးများကြောင့် မြေကြီးသည် အမ ဖြစ်ရမည်ဟု လည်းကောင်း၊ မြစ်သည် အမဖြစ်ရမည်ဟု လည်းကောင်း သတ်မှတ်၍ မရချေ။ အလားတူပင် ဤဝါကျတွင်လည်း သက်တူရွယ်တူ ဆိုသည့် စကားလုံးမှာ လူသား မိန်းမ၊ လူသားယောကျ်ားဟု ဆိုထားခြင်း မဟုတ်ဘဲ– အသက်အရွယ်ကိုသာ ဆိုထားခြင်း ဖြစ်ပေသည်။ ဆိုလိုသည်မှာ အရွယ် အလွဲအပြောင်း ဖြစ်သွားခြင်း မရှိသော၊ နုပျိုလန်းဆန်းတက်ကြွလျက် ရှိနေသော သက်တူရွယ်တူများဟုသာ ဖြစ်ပေသည်။ (၄၄း၅၄ တွင် ဆက်ကြည့်ပါ။)

| | |
|---|---|
| ၃၇။ | **رَبِّ السَّمَاوَاتِ وَالْأَرْضِ وَمَا بَيْنَهُمَا الرحْمَنِ لَا يَمْلِكُونَ مِنْهُ خِطَابًا** ۞<br>မိုးများနှင့် မြေကမ္ဘာ ထိုစပ်ကြားတို့၏ ကံကြမ္မာရှင်– ကရုဏာရှင်– ထိုအရှင်အား မိန့်ခွန်းပေးရန် အခွင့်အာဏာ မည်သူ့တွင်မှ မရှိချေ။ |
| ၃၈။<br>☆၂း၈၇<br>★၂း၃၀ | **يَوْمَ يَقُومُ الرُّوحُ وَالْمَلَائِكَةُ صَفًّا لَّا يَتَكَلَّمُونَ إِلَّا مَنْ أَذِنَ لَهُ الرحْمَنُ وَقَالَ صَوَابًا** ۞<br>ဉာဏ်စဉ်တော်နှင့်☆ နိမိတ်ဆောင်တို့★ အဆင့်အတန်းလိုက် နေရသော နေ့ကာလ၌ မည်သူမျှ ပြောဆိုနိုင်သည့် အခွင့်အာဏာ မရှိချေ။ ကရုဏာရှင်၏ ခွင့်ပြုချက် ရှိသူသည်သာ– ဖြောင့်မတ်စွာ လျှောက်တင်ရလတ္တံ့။ |
| ၃၉။ | **ذَلِكَ الْيَوْمُ الْحَقُّ فَمَن شَاء اتَّخَذَ إِلَى رَبِّهِ مَآبًا** ۞<br>ဤသည် မှန်သော နေ့ကာလ ဖြစ်၏။ သို့ဖြစ်၍ စံချိန်ပြည့်မီသူအား ကံကြမ္မာရှင်ကို ခိုလှုံရာဟု အယူထားစေလော့။ |
| ၄၀။ | **إِنَّا أَنذَرْنَاكُمْ عَذَابًا قَرِيبًا يَوْمَ يَنظُرُ الْمَرْءُ مَا قَدَّمَتْ يَدَاهُ وَيَقُولُ الْكَافِرُ يَا لَيْتَنِي كُنتُ تُرَابًا** ۞<br>ကေန်ပင် ငါသည် သင်တို့အား နီးကပ်လာသည့် ဝဋ်ကြွေးကို သတိပေးနေ၏။ လူသားသည် မိမိ၏ လက်ဖြင့် တင်ကြိုပို့ထားရာကို ရှုမြင်ရသော နေ့ကာလ၌ ဖုံးကွယ်သူများက "ကျွန်ုပ်တို့သည် မြေမှုန့်အတိ ဖြစ်ရလျှင် ကောင်းလေစွ၊"ဟု ဆိုကြလတ္တံ့။ |